# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၂၃)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၁-၃-၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက် ဖြတ်လမ်း(၃)တွင်ရှိသည့် ဦးပိုင်အမှတ် ၁၁၈/ခ မြေကွက်၏ မြေစာရင်း မှတ်ပုံတင် ၁/က စာအုပ်၌ မှတ်တမ်းတင်ထားရှိသည့် မြေပုံမိတ္တူကို မိမိအားမည်သည့်အချိန်တွင် မည်သည့် အစီအစဉ်ဖြင့် ထုတ်ပေးပါမည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၏ **ဥတ္တရသီရိမြို့နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း သစ်တောပယ်ဖျက်ထားသော ကျေးရွာ(၁၁)ရွာ၏ ရွာမြေ၊ လယ်မြေနှင့် အများပိုင်မြေများ သတ်မှတ်တိုင်းတာရာတွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ စာရွက်ပေါ်မှ စာရင်းနှင့် မြေပြင်အမှန်တကယ်ရှိသော**

**စာရင်း မှန်ကန်အောင် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် ပယ်ဖျက်ထားသော ရွာနယ်နိမိတ်များနှင့် လယ်မြေများ ပြည်သူ လက်ဝယ်ရောက်ရှိပြီး ပုံစံ (၇) ရရှိရေး တာဝန်ရှိသောဌာနများ မည်သို့ ပေါင်းစပ်ဆောင်ရွက်နေပြီး မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **တောင်တွင်းကြီးမြို့နယ် အတွင်း ပဲခူးရိုးမပေါ်ရှိ ဝံအော်ကြီးကျေးရွာ အခြေခံပညာမူလတန်း ကျောင်းကို အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **အစိုးရဝန်ကြီးဌာနများနှင့် မြန်မာ နိုင်ငံတစ်ဝန်း သုံးစွဲနေသော ပုံနှိပ်မီဒီယာများအားလုံး ကွန်ပျူတာ ပုံနှိပ်ဖော်ပြရာတွင် အသုံးပြုနေသော "တစ်ချောင်းငင်အရှည်နှင့် အတို" သုံးစွဲမှုကို ပြည်ထောင်စုအစိုးရအဖွဲ့က ဦးဆောင်၍ စနစ်တကျ မှန်ကန်အောင် ညွှန်ကြားပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသက်နိုင်ဦး၊ ရေဖြူ မဲဆန္ဒနယ်၏ **မြန်မာတစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်များ ဝင်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေအပေါ်အခြေခံပြီး အချိုးကျခေါ်ယူပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ **တန့်ယန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တန့်ယန်းကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ(၃)လုံးအား ပယ်ဖျက်ပြီး (၁၀)ခန်းတွဲ (၃)ထပ် RC အဆောက်အဦ သို့မဟုတ် ထပ်မံပြောင်းရွှေ့ တာဝန်ထမ်းဆောင်မည့် ပညာရေးဝန်ထမ်းများအတွက်ပါ သင့်တင့်မျှတသည့် အခန်းပါဝင်သည့်**

**အဆောက်အဦ ဆောက်လုပ်နိုင်ရန် လျာထား ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ **အင်းစိန်မြို့နယ်အတွင်း အ.ထ.က(၃) အင်းစိန်မြေနေရာတွင် မြို့နယ်ကျောင်းပေါင်းစုံ အားကစားကွင်းနှင့် အ.ထ.က(၇) အင်းစိန်မြေနေရာတွင် မြို့နယ် ကျောင်းပေါင်းစုံ မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်က တင်သွင်းသည့် **"လူနှင့် တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ အားလုံးပူးပေါင်းလျက် စီမံချက်ချမှတ် ရေးဆွဲပြီးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဂ) ဦးရဲလွင်၊ အလုံ မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၊

( င )   ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၊

( စ )   ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၊

(ဆ)   ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၊

( ဇ )   ဦးတိုးဝင်း၊ တာမွေ မဲဆန္ဒနယ်၊

(ဈ)   ဗိုလ်မှူးဝင်းမင်းထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ည)   ဦးစိန်မြင့်၊ မြင်းခြံ မဲဆန္ဒနယ်၊

( ဋ )   ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်း မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။